# ၁၀ ပါတီနှင့်အထက်ယှဉ်ပြိုင်ခဲ့သောမဲဆန္ဒနယ်များနှင့် ၂ ပါတီသာယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်များ

## နောက်ခံအကြောင်းအရာ

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၀ နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပနိုင်မှုအခြေအနေနှင့် မဲဆန္ဒနယ်သတ်မှတ်ချက်များအရ ပြည်သူ့ လွှတ်တော်တွင် မဲဆန္ဒနယ်ပေါင်း ၃၂၃ ၊ အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်ပေါင်း ၁၆၈ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ်ပေါင်း ၆၃၀ ၊ စုစုပေါင်း မဲဆန္ဒနယ် ၁၁၂၁ တွင် ရွေးကောက်ပွဲ ကျင်းပခဲ့ကြသည်။ မဲဆန္ဒနယ်အလိုက်၊ အရွေးချယ်ခံရမည့် လွှတ်တော်နေရာအလိုက် စိတ်ဝင်စားမှု၊ ပါဝင် ယှဉ်ပြိုင်နိုင်သည့်အခြေအနေများစွာပေါ်တွင်မူတည်ကာ ပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့သည် ၂၀၁၅ ရွေးကောက်ပွဲတွင် အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

ဤဆောင်းပါး၌ မဲဆန္ဒနယ်တစ်ခုတည်း၌ ပါတီ ၁၀ ခုနှင့်အထက် ယှဉ်ပြိုင်သော မဲဆန္ဒနယ်များ၊ ပါတီ ၂ ခုသာ ယှဉ်ပြိုင်သောမဲဆန္ဒနယ်များ စသည့် ထူးခြားမှုရှိသော မဲဆန္ဒနယ်များကို လွှတ်တော်အလိုက် လေ့လာဖော်ပြထားပါသည်။


လေ့လာဆန်းစစ်သည့် ဒေတာအချက်အလက်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ကြေညာချက်များ နှင့် ရွေးကောက်ပွဲရလဒ်များမှ ရရှိခြင်းဖြစ်ပါသည်။

## လေ့လာတွေ့ရှိချက်

၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ခဲ့မှုများကို လေ့လာကြည့်ပါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်း/ပြည်နယ်လွှတ်တော်များတွင် မဲဆန္ဒနယ်တစ်ခု၌ ၅ ပါတီခန့် ပျမ်းမျှယှဉ်ပြိုင်ခဲ့ကြကြောင်း တွေ့ရှိရသည်။ တိုင်းရင်းသားလူမျိုးရေးရာ ၂၉ နေရာအတွက် တစ်နေရာလျှင် ပျမ်းမျှ ၆ ပါတီခန့် ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီယှဉ်ပြိုင်မှုအများဆုံးအနေဖြင့် မဲဆန္ဒနယ်တစ်ခုတွင် ပါတီ ၁၄ ခုထိ ယှဉ်ပြိုင်ခဲ့ပြီး အနည်းဆုံးအားဖြင့် ၂ ပါတီ ယှဉ်ပြိုင်ခဲ့ကြသည်။ ဤဆောင်းပါးတွင် ပါတီ ၁၀ ခုနှင့်အထက် ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်များနှင့် ပါတီ ၂ ခုသာ ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်များကို သီးခြားစီ လေ့လာ ဖော်ပြမည်ဖြစ်ပါသည်။

အောက်ပါပုံတွင် ၁၀ ပါတီနှင့်အထက် ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်အရေအတွက်နှင့် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်အရေအတွက်များကို အချုပ်အားဖြင့် ဖော်ပြထားပါသည်။

ပုံ-၁။ ။ ၁၀ ပါတီနှင့်အထက် ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်အရေအတွက်နှင့် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်အရေအတွက်များ




## ပါတီ (၁၀) ခုနှင့်အထက် ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်များ

ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ်တစ်ခုတည်း၌ ၁၀ ပါတီနှင့်အထက်ယှဉ်ပြိုင်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မဲဆန္ဒနယ် ၅ ခုတွင် တွေ့ရသည်။ ပါတီအများဆုံးယှဉ်ပြိုင်မှုကို ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်တွင်တွေ့ရပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်နေရာအတွက် ပါတီ ၁၃ ခု ထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမဲဆန္ဒနယ် နှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံ မဲဆန္ဒနယ် တို့တွင် ပါတီ ၁၂ ခုစီ၊ ကချင်ပြည်နယ်၊ ဗိုင်းမော်မဲဆန္ဒနယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်တို့တွင် ပါတီ ၁၁ ခုစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်တွင် ၁၀ ပါတီနှင့်အထက် ယှဉ်ပြိုင်သောမဲဆန္ဒနယ် ၂ ခုသာတွေ့ရသည်။ အမျိုးသားလွှတ်တော်ရှိ မဲဆန္ဒနယ်ပေါင်း ၁၆၈ ခုအနက် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁၁) တွင် ပါတီ ၁၄ ခု နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) တွင် ပါတီ ၁၂ ခုထိ ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တွင် ၁၀ ပါတီနှင့်အထက် ယှဉ်ပြိုင်သောမဲဆန္ဒနယ် (၈) ခုထိ တွေ့ရသည်။ အများဆုံးမှာ ပါတီ ၁၄ ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မဲဆန္ဒနယ် အမှတ် (၁) ဖြစ်ပြီး ကချင်ပြည်နယ် မြစ်ကြီးနားမဲဆန္ဒနယ်အမှတ် (၂) နှင့် ဗိုင်းမော်မဲဆန္ဒနယ်အမှတ် (၂) တို့တွင် ပါတီ ၁၃ ခု စီ ယှဉ်ပြိုင်ခဲ့ကြသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမဲဆန္ဒနယ်အမှတ် (၁) နှင့် ဗိုင်းမော်မဲဆန္ဒနယ်အမှတ် (၁) တို့တွင် ပါတီ ၁၂ ခု စီ၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမဲဆန္ဒနယ် အမှတ် (၂)၊ ကယားပြည်နယ် ဒီမော့ဆိုမဲဆန္ဒနယ်အမှတ် (၁) နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တို့တွင် ပါတီ ၁၁ ခုစီ ယှဉ်ပြိုင်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုလျှင် လွှတ်တော်အသီးသီးတွင် ၁၀ ပါတီနှင့်အထက် ယှဉ်ပြိုင်သော မဲဆန္ဒနယ်ပေါင်း ၁၅ ခု ရှိသည်။

အောက်ပါဇယားတွင် မဲဆန္ဒနယ်တစ်ခု၌ ၁၀ ပါတီနှင့်အထက် ယှဉ်ပြိုင်မှုအခြေအနေများကို ပါတီအများအနည်းအလိုက်နှင့် လွှတ်တော်အလိုက် ဖော်ပြထားပါသည်။

ဇယား-၁။ ။ မဲဆန္ဒနယ်တစ်ခု၌ (၁၀) ပါတီနှင့်အထက် ယှဉ်ပြိုင်မှုအခြေအနေများ

| လွှတ်တော် | မဲဆန္ဒနယ် | ယှဉ်ပြိုင်ပါတီအရေအတွက် |
|---|---|---|
| အမျိုးသားလွှတ်တော် | ရန်ကုန် မဲဆန္ဒနယ်အမှတ် (၁၁) | ၁၄ |
| | ကချင် မဲဆန္ဒနယ်အမှတ် (၃) | ၁၂ |
| ပြည်သူ့လွှတ်တော် | လှိုင်သာယာမဲဆန္ဒနယ် | ၁၃ |
| | မြစ်ကြီးနားမဲဆန္ဒနယ် | ၁၂ |
| | ကျိုင်းတုံမဲဆန္ဒနယ် | ၁၂ |
| | ဗိုင်းမော်မဲဆန္ဒနယ် | ၁၁ |
| | ပုသိမ်မဲဆန္ဒနယ် | ၁၁ |
| တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် | ရန်ကုန်တိုင်း-လှိုင်သာယာ (၁) | ၁၄ |
| | ကယားပြည်နယ်-ဒီမော့ဆို (၁) | ၁၁ |
| | ကချင်ပြည်နယ်-မြစ်ကြီးနား (၂) | ၁၃ |
| | ကချင်ပြည်နယ်-ဗိုင်းမော် (၂) | ၁၃ |
| | ကချင်ပြည်နယ်-မြစ်ကြီးနား (၁) | ၁၂ |

| | | |
|---|---|---|
| | ကချင်ပြည်နယ်-ဗိုင်းမော် (၁) | ၁၂ |
| | ကရင်ပြည်နယ်-ဘားအံ (၁) | ၁၁ |
| | ရန်ကုန်တိုင်း-လှိုင်သာယာ (၂) | ၁၁ |

## ပါတီ ၂ ခုသာ ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်များ

လွှတ်တော်အသီးသီးအတွက် ပါတီများစွာ ယှဉ်ပြိုင်ခဲ့ကြသော မဲဆန္ဒနယ်များရှိသကဲ့သို့ ပါတီ (၂) ခုသာ ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်အချို့လည်း ရှိသည်။

ပြည်သူ့လွှတ်တော်တွင် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်ပေါင်း ၁၁ ခု ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဘုတလင်မဲဆန္ဒနယ်၊ မင်းကင်းမဲဆန္ဒနယ် နှင့် ကနီမဲဆန္ဒနယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လေရှီး၊လဟယ်၊နန်းယွန်းမဲဆန္ဒနယ်များ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်၊ ကုန်းကြမ်းမဲဆန္ဒနယ်များ ပါဝင်သကဲ့သို့ ရှမ်းပြည်နယ် မန်တုန်မဲဆန္ဒနယ်၊ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမဲဆန္ဒနယ် တို့ ပါဝင်သည်။

အမျိုးသားလွှတ်တော်တွင် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ် ၄ ခု ရှိပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) ၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၁၂)၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၁၀) နှင့် (၁၁) တို့ ဖြစ်သည်။

တိုင်းရင်းသားလူမျိုးရေးရာတွင် ကချင်ပြည်နယ် ရဝမ်တိုင်းရင်းသားရေးရာကိုယ်စားလှယ်အတွက် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တွင် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်ပေါင်း ၂၂ ခုရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် လွှတ်တော်နေရာအသီးသီးအတွက် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်ပေါင်း ၃၈ ခု ရှိပါသည်။ ယင်းမဲဆန္ဒနယ်များအားလုံးကို လွှတ်တော်အလိုက် တစ်ဖက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ဇယား -၂။ ။ လွှတ်တော်နေရာအသီးသီးအတွက် ၂ ပါတီသာ ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်များ

| လွှတ်တော် | မဲဆန္ဒနယ် | ယှဉ်ပြိုင်ပါတီ အရေအတွက် |
|---|---|---|
| အမျိုးသားလွှတ်တော် | မန္တလေးတိုင်းဒေသကြီး-မဲဆန္ဒနယ်အမှတ် (၁၂) | ၂ |
| | စစ်ကိုင်းတိုင်းဒေသကြီး-မဲဆန္ဒနယ်အမှတ် (၁၂) | ၂ |
| | ရှမ်းပြည်နယ်-မဲဆန္ဒနယ်အမှတ် (၁၀) | ၂ |
| | ရှမ်းပြည်နယ်-မဲဆန္ဒနယ်အမှတ် (၁၁) | ၂ |
| တိုင်းရင်းသားရေးရာ | ကချင်ပြည်နယ်-ရဝမ်လူမျိုး | ၂ |
| ပြည်သူ့လွှတ်တော် | စစ်ကိုင်းတိုင်းဒေသကြီး-ဘုတလင်မဲဆန္ဒနယ် | ၂ |
| | စစ်ကိုင်းတိုင်းဒေသကြီး-ကနီမဲဆန္ဒနယ် | ၂ |
| | စစ်ကိုင်းတိုင်းဒေသကြီး-မင်းကင်းမဲဆန္ဒနယ် | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လေရှီးမဲဆန္ဒနယ် | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လဟယ်မဲဆန္ဒနယ် | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-နန်းယွန်းမဲဆန္ဒနယ် | ၂ |
| | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင် | ၂ |
| | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကုန်းကြမ်း | ၂ |
| | ရှမ်းပြည်နယ်-မန်တုံမဲဆန္ဒနယ် | ၂ |
| | တနင်္သာရီတိုင်းဒေသကြီး-သရက်ချောင်းမဲဆန္ဒနယ် | ၂ |
| | ရန်ကုန်တိုင်းဒေသကြီး-ကိုကိုးကျွန်းမဲဆန္ဒနယ် | ၂ |
| တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | မကွေးတိုင်းဒေသကြီး -ထီးလင်း (၁) | ၂ |
| | မန္တလေးတိုင်းဒေသကြီး -မလှိုင် (၁) | ၂ |
| | မန္တလေးတိုင်းဒေသကြီး -မလှိုင် (၂) | ၂ |
| | မန္တလေး တိုင်းဒေသကြီး -ညောင်ဦး (၁) | ၂ |
| | ရခိုင်ပြည်နယ်-မောင်တော (၂) | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လဟယ် (၁) | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လဟယ် (၂) | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လေရှီး (၁) | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လေရှီး (၂) | ၂ |
| | စစ်ကိုင်းတိုင်းဒေသကြီး- မင်းကင်း (၁) | ၂ |
| | စစ်ကိုင်းတိုင်းဒေသကြီး-မြင်းမူ (၁) | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ--နန်းယွန်း (၁) | ၂ |
| | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ--နန်းယွန်း (၂) | ၂ |
| | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-ကုန်းကြမ်း (၁) | ၂ |
| | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ -ကုန်းကြမ်း (၂) | ၂ |
| | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လောက်ကိုင် (၁) | ၂ |
| | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ-လောက်ကိုင် (၂) | ၂ |
| | ရှမ်းပြည်နယ်-မန်တုန် (၂) | ၂ |

| | | |
|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး-ကိုကိုးကျွန်း (၂) | ၂ |
| | ရန်ကုန်တိုင်းဒေသကြီး-ဒလ (၁) | ၂ |
| | ရန်ကုန်တိုင်းဒေသကြီး-ဒလ (၂) | ၂ |
| | ရန်ကုနတိုင်းဒေသကြီး-ဆိပ်ကမ်း (၂) | ၂ |

၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒနယ်တစ်ခုတည်းတွင် ပါတီ ၁၄ ခုထိ ယှဉ်ပြိုင်မှု၊ ၂ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်မှု စသည့် အခြေအနေများကို တွေ့ရခြင်းသည် ပါတီများ၏ ယင်းမဲဆန္ဒနယ်တစ်ခုအပေါ် စိတ်ဝင်စားသည့်အကြောင်းအရာရှိခြင်း၊မရှိခြင်း (ဥပမာ-တိုင်းရင်းသားပါတီများ မိမိတို့လူမျိုးများ အခြေချ နေထိုင်သည့်နယ်မြေတွင် ယှဉ်ပြိုင်ခြင်းကဲ့သို့) ယှဉ်ပြိုင်နိုင်သည့် အင်အားအခြေအနေ၊ နိုင်ခြေရှိမှု နှင့် စည်းရုံး နိုင်မှုအခြေအနေ၊ နယ်မြေအေးချမ်းမှုရှိခြင်း၊မရှိခြင်း စသည့် အကြောင်းအရာများစွာပေါ်တွင် မူတည်နိုင်ပေ သည်။ ဤရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီပေါင်း ၉၀ နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၃၁၀ ဦး ယှဉ်ပြိုင် ခဲ့ခြင်းသည် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲတစ်ခုအပေါ် ပါတီများ၏ စိတ်ဝင်စားမှုရေချိန်မြင့်မားခြင်း ကိုလည်း ပြသလျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် လစ်လပ်မဲဆန္ဒနယ်များကို ထုတ်ပြန်ထားရာ ပြည်သူ့လွှတ်တော်တွင် မဲဆန္ဒနယ် ၁၄ ခု၊ အမျိုးသား လွှတ်တော်တွင် မဲဆန္ဒနယ် ၃ ခု၊ ပြည်နယ်လွှတ်တော်တွင် မဲဆန္ဒနယ် ၁၄ ခု စုစုပေါင်း လစ်လပ်မဲဆန္ဒနယ် ၃၁ ခု ရှိသည်။

သို့ဖြစ်ရာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီမည်မျှ ဝင်ရောက်ယှဉ်ပြိုင်မည်နည်း၊ လစ်လပ်မဲဆန္ဒနယ် အသီးသီး၌ ပါတီဘယ်နခုထိ ယှဉ်ပြိုင်ရန်ပြင်ဆင်နေကြသနည်း၊ လစ်လပ်မဲဆန္ဒနယ်များမှ ပြည်သူလူထု ထောက်ခံမှုကို မည်သည့်ပါတီနှင့်ကိုယ်စားလှယ်များက ရရှိမည်နည်းဆိုသည်တို့မှာ စိတ်ဝင်စားဖွယ်ကောင်းပါ သည်။ ထို့ပြင် မဲဆန္ဒနယ်တစ်ခုတွင် ပါတီများစွာယှဉ်ပြိုင်မှု၊ အနည်းအကျဉ်းမျှသာ ဝင်ရောက် ယှဉ်ပြိုင်မှုတို့ကို လေ့လာခြင်းအားဖြင့် ယင်းမဲဆန္ဒနယ်၏ ဒေသရေမြေအခြေအနေနှင့် နယ်မြေခံလူထု၏ ဒီမိုကရေစီ အသွင် ကူးပြောင်းရေး၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့်နိုင်ငံရေးပါတီများအပေါ် စိတ်ဝင်စားမှုရေချိန်တို့ကို တစ်ဆက် တည်း လေ့လာနိုင်မည်လည်း ဖြစ်ပါသည်။

### ကိုးကား


၁။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

၂။ www.uecmyanmar.org